
www.kidsofdestiny.org
Kids of Destiny®
Reaching the Next Generation

## ကြီးသောရွေးနုတ်ကယ်တင်ခြင်း 2.10

### ထွက်မြောက်ရာကျမ်း ၃-၁၁၊ ၁၂:၂၉-၃၀၊ ၁၄:၁-၃၀၊ ၁၅:၁-၁၈

တစ်နေ့မှာ မောရှေဟာ သူ့တိရစ္ဆာန်တွေကို ထိန်းကျောင်းနေရင်း၊ ချုံထဲမှာ ထူးဆန်းတဲ့အရာတစ်ခုကို သူမြင် ရတယ်။ အိုး မီးတောက်တစ်ခုပါလား၊ မီးလောင်နေပေမယ့် ချုံဟာမီးမကျွမ်းသွားဘူး။

သူဟာ အနီးကပ်သွားကြည့်ဖို့လုပ်တော့ "မောရှေ" လို့ အသံကြီးတစ်ခု သူ့ကိုခေါ်သံကြားရတယ်။ မောရှေဟာ ကြောက်သွားခဲ့ပြီး၊ ခြေ တစ်လှမ်းနောက်ဆုတ်သွားတယ်။ အသံဟာ ချုံထဲက လာတာဖြစ်တယ်။ "ငါ့လူတွေရဲ့ငိုကြွေးသံကို ငါကြားတယ်။" "သူတို့ရဲ့မျက်ရည် တွေကိုငါမြင်ခဲ့ပြီ၊ သူတို့ကိုကယ်တင်ဖို့ လာရပြီ။ ငါ့လူတွေကို လွှတ်ပေးဖို့ ဘုရင်ကိုသွားပြောပါ" လို့ ဘုရားသခင်ရဲ့အသံတော် ဖြစ်တယ်။

မောရှေဟာ အရမ်းကြောက်နေခဲ့ပေမယ့် "သင်နဲ့အတူငါရှိမယ်" လို့ သူ့ကိုဘုရားသခင်ကပြောတယ်။ အဲဒီနောက် မောရှေဟာ ဘုရင်ဆီ ကိုသွားပြီး "ဘုရားသခင်ဆီက သတင်းစကားယူလာတယ်" လို့ပြောတယ်။ သူပြောသမျှကို ဘုရင်ကနားမထောင်ပေမယ့် "ဘုရားသခင်က သူ့လူတွေကို ထွက်သွားခွင့်ပေးပါ" လို့ မောရှေက ဆက်ပြောနေခဲ့တယ်။ "သူတို့ကို ဘာ့ကြောင့်သွားခွင့်ပေးရမှာလဲ? သူတို့ကို ထွက်သွားခွင့်မပေးနိုင်ဘူး" လို့ ဘုရင်ကပြန်ပြောတယ်။

လူတွေကိုသွားခွင့်ပေးဖို့အတွက် ဘုရားသခင်က ရှင်ဘုရင်ကို ဆယ်ကြိမ်ရှင်ဘုရင်ကိုသတိပေးခဲ့ပေမယ့် သူကခွင့်မပြုခဲ့ဘူး။ ရှင်ဘုရင် ငြင်းဆန်တဲ့အချိန်တိုင်း၊ သူ့လူတွေကို သွားခွင့်ပေးနိုင်ဖို့အတွက် ဘုရားသခင်ဟာ အဲဒီနိုင်ငံအပေါ်မှာ ဖျက်ဆီးခြင်းကိုစေလွှတ်ခဲ့တယ်။

သို့ပေမယ့်လည်း ဘုရားသခင်ဟာ သူ့လူတွေကို ဖျက်ဆီးခြင်းအားလုံးထဲကနေ ကယ်တင်ပေးရုံသမကဘဲ၊ အဲဒီမြေကနေ ရွှေ၊ ငွေ၊ အဝတ်အစားကောင်းတာတွေပါလျှက် ထွက်သွားနိုင်ဖို့ရန်အတွက် ပြင်ဆင်ပေးခဲ့တယ်။ ဒါပေမယ့် သူတို့တွေထွက်သွားတာကို သိသိချင်း၊ သူတို့ကိုကျွန်ခံဖို့အတွက် ပြန်ဖမ်းလာဖို့ ဘုရင်ဟာ သူ့ရဲ့အကောင်းဆုံးစစ်တပ်နဲ့ချက်ချင်း ပြန်လိုက်ဖမ်းစေတယ်။ သူတို့ဟာ မြင်းတွေ၊ မြင်းရထားတွေနဲ့အနောက်က လိုက်ကြတယ်။

မောရှေဟာ လူတွေနဲ့အတူ ခရီးဆက်ခဲ့ပြီး၊ ပင်လယ်ကမ်းခြေတစ်ခုကို ရောက်လာကြတယ်။ စစ်သားတွေ အနောက်ကလိုက်လာတာကို မြင်တဲ့အခါ သူတို့အရမ်းကြောက်ကြပြီး၊ မောရှေက "မကြောက်ကြနဲ့၊ ဘုရားသခင်က သင်တို့အတွက် တိုက်ပေးမှာဖြစ်လို့ ဘုရင်နဲ့သူ့စစ်သားတွေကို နောက်တစ်ကြိမ်မမြင်ရတော့ဘူး" လို့ ပြောခဲ့တယ်။ "သင့်ရဲ့တောင်ဝှေးကို မြှောက်လိုက်ပြီး၊ ပင်လယ်ပေါ်ကို လက်ဆန့်လိုက်ပါ၊ ပင်လယ်ကို နှစ်ခြမ်းခွဲပြီး လူတွေကို ခြောက်သွေ့တဲ့မြေပေါ်မှာ လျှောက်သွား ပါစေ" လို့ မောရှေကို ဘုရားသခင်က ပြောတယ်။ မောရှေဟာ ဘုရားသခင်ပြောတဲ့အတိုင်းလုပ်ပြီး၊ အားကြီးတဲ့လေဟာ ပင်လယ်ရေ ကို နှစ်ခြမ်းကွဲစေခဲ့တယ်။ ရေနံ့ရံနှစ်ခုကြားကနေ လူတွေဟာ ဘေးကင်းစွာခြောက်သွေ့တဲ့မြေပေါ်လျှောက်သွားကြတယ်။

ဘုရင့်စစတပ်ဟာ အနောက်ကနေ ထပ်ကြပ်မကွာ ပင်လယ်ထဲထိလိုက်လာရင်း၊ ကွဲနေတဲ့ရေနံ့ရံနှစ်ဖက်ဟာ အတူပေါင်းစည်းသွားလို့ သူတို့တွေအားလုံးကို ပင်လယ်ရေက ဝါးမြိုသွားခဲ့တယ်။ ဒီလိုနည်းလမ်းအားဖြင့် ဘုရားသခင်ဟာ သူ့လူတွေကို ကျွန်ပြုတဲ့ဘုရင်လက်အောက်ကနေ ကယ်တင်ခဲ့ပါတယ်။

"ကိုယ်တော်သည် ကျွန်ုပ်တို့ခွန်အားနှင့် သီချင်း၊ ကိုယ်တော်သည် ကျွန်ုပတို့၏ကယ်တင်ခြင်း" စတဲ့သီချင်းကို မောရှေနဲ့လူတွေဟာ ဘုရားကိုချီးမွမ်းသီဆိုကြတယ်။

ဖိလိပ္ပိ ၂:၁၀-၁၁ "အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသောသတ္တဝါတည်းဟူသော ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်၊ ခမည်းတော် ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။"

## ကြီးသောရွေးနုတ်ခြင်း ၂ - ဆရာလမ်းညွှန် 2.10

## ထွက်မြောက်ရာကျမ်း ၃-၁၁၊ ၁၂:၂၉-၃၀၊ ၁၄:၁-၃၀၊ ၁၅:၁-၁၈

### အဓိကအချက်များ

၁) တစ်နေ့ မောရှေဟာ တိရစ္ဆာန်တွေကို ထိန်းကျောင်းနေချိန်မှာ ချုံထဲမှာမီးလောင်နေတာကို သူတွေ့တယ်။ ဒါပေမယ့် ချုံဟာ မီးမကျွမ်းဘူး။

၂) ဘုရားသခင်ဟာ ချုံထဲမှာရှိနေခဲ့တယ်။ မောရှေကို သတင်းစကားပြောခဲ့တယ်။ ဘုရင်လက်အောက်မှာကျွန်ခံနေတဲ့လူတွေကို သွားကယ်တင်ဖို့ မောရှေကို ဘုရားသခင်ကပြောတယ်။

၃) “ငါ့လူတွေကိုလွှတ်ပေးပါ” လို့ ရှင်ဘုရင်ဆီကိုသွားပြောဖို့ ဘုရားသခင်ကမောရှေကို စေလွှတ်တယ်။ ဘယ်လိုဖြစ်ဖြစ် ဘုရင်ကတော့ နားမထောင်ဘူး။

၄) ဘုရားသခင်က ဘုရင်ကို သတိပေးချက်ဆယ်ခုပေးတယ်။ ဘုရင်က လူတွေကို ထွက်ခွာခွင့်မပေးခင်မို့ အချိန်အတော်ကြာခဲ့တယ်။

၅) ဘုရင့်စစ်သားတွေ အနောက်ကလိုက်လာတဲ့အချိန်မှာ လူတွေဟာ အချိန်တိုအတွင်း ထွက်သွားကြပြီဖြစ်တယ်။ စစ်သားတွေနဲ့ နီးကပ်လာတဲ့အခါ မောရှေဟာ ဘုရားသခင်ရဲ့စကားကို နားထောင်ခဲ့တယ်။ သူ့ရဲ့တောင်ဝှေးနဲ့ ပင်လယ်ပေါ်ကိုလက်ဆန့်ဖို့ ဘုရားသခင်က မောရှေကိုပြောတယ်။ သူလုပ်တဲ့အခါ အားကြီးတဲ့လေဟာ ပင်လယ်ကြီးကို နှစ်ခြမ်းကွဲသွားစေပြီး၊ လူတွေဟာ ကမ်းတစ်ဖက်ကို လုံခြုံစွာကူးသွားနိုင်ကြတယ်။

၆) ဘုရင့်စစ်တပ်လည်း ပင်လယ်ကိုဖြတ်ဖို့လုပ်တဲ့အခါ ဘုရားသခင်က ပင်လယ်ရေကိုပြန်ပေါင်းစပ်စေပြီး၊ သူတို့အပေါ်ကနေ လွှမ်းမိုး စေတယ်။ အဲလိုနည်းနဲ့ လူတွေကို ဘုရားသခင်ကယ်တင်ခဲ့တယ်။ မောရှေနဲ့လူများတို့ဟာ ဘုရားသခင်ကို သီချင်းဆိုချီးမွမ်းခဲ့ကြတယ်။

### မေးခွန်းများ

၁) မောရှေဟာ သူ့တိရစ္ဆာန်တွေကို ထိန်းကျောင်းတဲ့တစ်နေ့မှာ သူဘာမြင်တွေ့ခဲ့လဲ?

၂) ဘုရားသခင်က မောရှေကို ဘာလုပ်စေချင်တာလဲ?

၃) မောရှေကဘုရင်ကို ဘာပြောဖို့ ဘုရားသခင်ပြောသလဲ?

၄) ဘုရင်ဟာနောက်ဆုံးတော့ လူတွေကို ထွက်သွားခွင့်ပေးပြီးတဲ့အခါ ဘာထပ်ဖြစ်လာသလဲ?

၅) ဘုရားသခင်က လူတွေကို ဘယ်လိုကယ်တင်ခဲ့သလဲ?

### အဖြေများ

၁) မောရှေဟာ မီးလောင်နေတဲ့ချုံတစ်ခုကို မြင်ခဲ့ပါတယ်။

၂) ဘုရင်ဆီမှာကျွန်ခံနေတဲ့သူတွေကို မောရှေက ကယ်တင်ဖို့ ဘုရားသခင် လုပ်စေချင်တယ်။

၃) “ငါ့လူတွေကို လွှတ်ပေးပါ” လို့ မောရှေကဘုရင်ကိုပြောဖို့ မောရှေကိုဘုရားသခင်က ပြောပါတယ်။

၄) လူတွေထွက်ခွာသွားဦးတဲ့အခါ၊ လူတွေကိုပြန်ဖမ်းလာဖို့အတွက် ဘုရင်ဟာ သူ့စစ်တပ်နဲ့လိုက်စေပါတယ်။

၅) လူတွေဖြတ်ကူးနိုင်ဖို့ ပင်လယ်အလယ်မှာ လမ်းကို ဘုရားသခင်ပြင်ဆင်ပေးပါတယ်။ စစ်သားတွေလည်း ဖြတ်ကူးဖို့ကြိုးစားချိန်မှာ ပင်လယ်ရေကို ပြန်ဖုံးလိုက်တယ်။ အဲလိုနည်းနဲ့ လူတွေကို ဘုရားသခင်ကယ်တင်ခဲ့ပါတယ်။

ခက်ခဲတဲ့အချိန်မှာ ဘုရားသခင်နောက်ကိုလိုက်ပြီး သူ့ကိုကိုးစားဖို့ သင်ယူမယ်ဆိုရင် သူဟာ ကျွန်ုပ်တို့အတွက် အမြဲလမ်းကို ပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org